**စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန**
**ပြည်တွင်းအခွန်များဦးစီးဌာန**

## အသက်မွေးဝမ်းကျောင်းပညာခေါင်းစဉ်မှ ဝင်ငွေခွန် ပေးဆောင်ခြင်းဆိုင်ရာ သိမှတ်ဖွယ်

❖ **အကျုံးဝင်သည့် ဝင်ငွေများ**

- အသက်မွေးဝမ်းကျောင်းပညာလုပ်ငန်းဆိုသည်မှာ မိမိကျွမ်းကျင်သည့်လုပ်ငန်းကို ဝန်ဆောင်ခ ရယူ၍ ဆောင်ရွက်ပေးသည့် ဝန်ဆောင်မှုတစ်ရပ်ဖြစ်ပါသည်။ ဥပမာ - ဆရာဝန်၊ သူနာပြု၊ ဆရာမ၊ ရှေ့နေ၊ အင်ဂျင်နီယာ၊ ဗိသုကာ ပညာရှင်၊ အနုပညာသည်၊ စာရေးဆရာ၊ ပန်းချီဆရာ၊ ပန်းပုဆရာ၊ စာရင်းကိုင်၊ စာရင်းစစ် စသည့်ပညာရှင်တို့က ဝန်ထမ်းအဖြစ် ဆောင်ရွက်ခြင်း မဟုတ်ဘဲ ဝန်ဆောင်ခရယူလျက် ဆောင်ရွက်ပေးသည့် ဝန်ဆောင်မှု လုပ်ငန်းကို ဆိုလိုပါသည်။
- အသက်မွေးဝမ်းကျောင်းပညာလုပ်ငန်းမှ ဝင်ငွေမှာ လစာမဟုတ်သော ဝန်ဆောင်ခအဖြစ် ရရှိ သည့် ဝင်ငွေဖြစ်ပါသည်။
- မိမိတတ်ကျွမ်းသည့် ပညာကို အခြေခံပြီး လုပ်ကိုင်ခြင်းမှန်သော်လည်း နေ့စဉ် (သို့မဟုတ်) လစဉ် ပုံသေ လုပ်ခ သို့မဟုတ် လစာရယူ၍ လုပ်ကိုင်ခြင်းဖြစ်လျှင် အသက်မွေးဝမ်းကျောင်း ပညာလုပ်ငန်းမှ ဝင်ငွေမဟုတ်ဘဲ " လစာ " မှ ဝင်ငွေသာ ဖြစ်သည်။

❖ **အခွန်နှုန်း။** ၁-၄-၂၀၁၇ ရက်နေ့မှ စတင်ရရှိသည့် အသက်မွေးဝမ်းကျောင်းပညာလုပ်ငန်း ဝင်ငွေအပေါ် အောက်ဖော်ပြပါ အခွန်နှုန်းဖြင့် တွက်ချက်ပါမည် -

| အမှတ်စဉ် | ဝင်ငွေခွန် စည်းကြပ်ရန် ဝင်ငွေအလွှာ | | စည်းကြပ်ရန် ဝင်ငွေခွန်နှုန်း |
|---|---|---|---|
| | မှ | ထိ | |
| | ကျပ် | ကျပ် | |
| (က) | ၁ | ၂,၀၀၀,၀၀၀ | ၀ ရာခိုင်နှုန်း |

| | | | |
|---|---|---|---|
| (ခ) | ၂,၀၀၀,၀၀၁ | ၅,၀၀၀,၀၀၀ | ၅ ရာခိုင်နှုန်း |
| (ဂ) | ၅,၀၀၀,၀၀၁ | ၁၀,၀၀၀,၀၀၀ | ၁၀ ရာခိုင်နှုန်း |
| (ဃ) | ၁၀,၀၀၀,၀၀၁ | ၂၀,၀၀၀,၀၀၀ | ၁၅ ရာခိုင်နှုန်း |
| (င) | ၂၀,၀၀၀,၀၀၁ | ၃၀,၀၀၀,၀၀၀ | ၂၀ ရာခိုင်နှုန်း |
| (စ) | ၃၀,၀၀၀,၀၀၁ နှင့်အထက် | | ၂၅ ရာခိုင်နှုန်း |

❖ **စာရင်းထားရှိခြင်း။** သက်ဆိုင်ရာဝင်ငွေနှစ်အတွက် အသက်မွေးဝမ်းကျောင်းပညာလုပ်ငန်း မှ ဝင်ငွေများနှင့် ထိုနှစ်အတွင်း လုပ်ငန်းအတွက် ကုန်ကျသည့်စရိတ်များကို ဖော်ပြသည့် ဘဏ္ဍာရေး ရှင်းတမ်း (Financial Statement) တင်ပြရပါမည်။

❖ **ဝင်ငွေတွက်ချက်ခြင်း။** အသက်မွေးဝမ်းကျောင်းပညာလုပ်ငန်းမှ ဝင်ငွေကို တွက်ချက်ရာတွင် ဝင်ငွေရရှိရန် ကုန်ကျစရိတ်များနှင့် ပစ္စည်းတန်ဖိုးလျော့ငွေကို နုတ်ပေးပါသည်။ ဝင်ငွေမှ ကုန်ကျ စရိတ် နုတ်ပယ်ပြီးသည့် အသားတင်ဝင်ငွေအပေါ် သက်သာခွင့်များ နုတ်ပယ်ပြီး သတ်မှတ် အခွန် နှုန်းဖြင့် အခွန်တွက်ချက်ပါသည်။ သို့ရာတွင် အောက်ပါတို့ကို နုတ်ပယ်ခွင့်မပေးရ-

- မတည်စရိတ်
- ကိုယ်ရေးကိုယ်တာစရိတ်
- လုပ်ငန်းပမာဏနှင့် မမျှအောင်များသည့်စရိတ်

❖ အသက်မွေးဝမ်းကျောင်းပညာလုပ်ငန်းသည် အတတ်ပညာ၊ အသိပညာကို အရင်းအနှီးပြု၍ လုပ်ကိုင်ရသဖြင့် လုပ်ငန်းသဘာဝကိုလိုက်၍ ခွင့်ပြုရမည့်စရိတ်များမှာလည်း ပြောင်းလဲမှု ရှိနိုင် ပါသည်။ ဆရာဝန်တစ်ဦး၏ စရိတ်နှင့် ရှေ့နေတစ်ဦး၏ စရိတ်တူညီနိုင်မည် မဟုတ်ပါ။ အသက် မွေးဝမ်းကျောင်းပညာ လုပ်ငန်းအားလုံးနှင့် အကျုံးဝင်မည့်စရိတ်များကို ပုံသေသတ်မှတ်ပေးထား ခြင်းမရှိပါ။

❖ **အခွန်တွက်ချက်ခြင်း။** အောက်ဖော်ပြပါ နမူနာဖြင့် ရှင်းလင်းအပ်ပါသည် -

ဦးကျော်သည် ရပ်ရှင် သရုပ်ဆောင်တစ်ဦးဖြစ်ပါသည်။ ရုပ်ရှင်တစ်ကားအတွက် သရုပ်ဆောင်ခ ကျပ် ၁၀ သိန်း၊ ကြော်ငြာတစ်ခုအတွက် သရုပ်ဆောင်ခ ကျပ် ၅ သိန်း ရယူပါသည်။ နှစ်အတွင်း သရုပ်ဆောင်ခ ကျပ် ၅၄၅ သိန်း ရရှိပြီး ခရီးသွားလာစရိတ် ကျပ် ၃၅ သိန်း၊ အလှပြင်စရိတ် ကျပ် ၁၅ သိန်း၊ သရုပ်ဆောင်ဆိုင်ရာ အဝတ်အထည်စရိတ် ကျပ် ၁၀ သိန်း၊ အလုပ်လက်ခံ ဆောင်ရွက် ရန် မန်နေဂျာတစ်ဦးတစ်လ ကျပ် ၄ သိန်းဖြင့် ၄၈ သိန်း၊ အထွေထွေစရိတ် ၁ သိန်း၊ စုစုပေါင်း ကုန်ကျစရိတ် ကျပ် ၁၀၉ သိန်းဖြစ်သဖြင့် ရုပ်ရှင်နှင့်ကြော်ငြာသရုပ်ဆောင် ဦးကျော်သည် ဝင်ငွေနှစ် အတွင်း သရုပ်ဆောင်ခ စုစုပေါင်း ကျပ် ၅၄၅ သိန်း ရရှိသော်လည်း အသုံးစရိတ်များ နုတ်ပယ် ပြီးသည့် အသားတင်ဝင်ငွေမှာ ကျပ် ၄၃၆ သိန်း ရရှိသည်ကို တွေ့ရှိရပါသည်။ ဦးကျော်တွင် မှီခိုသူ ဇနီးရှိပြီး သားသမီး ၂ ဦးအနက် တစ်ဦးမှာ အိမ်ထောင်သည် သားဖြစ်၍ ကျန်တစ်ဦးမှာ ၁၀ တန်း ကျောင်းသူဖြစ်ပါသည်။ ဦးကျော်၏ သရုပ်ဆောင်ခြင်းဆိုင်ရာ အသက်မွေးဝမ်းကျောင်း လုပ်ငန်း မှ ဝင်ငွေကို အောက်ပါအတိုင်း တွက်ချက်ရမည်ဖြစ်ပါသည် -

| | | | | |
|---|---|---|---|---|
| | | | | (ကျပ်) |
| သရုပ်ဆောင်ခ ဝင်ငွေစုစုပေါင်း | | | = | |
| ၅၄,၅၀၀,၀၀၀ | | | | |
| (နုတ်)ကုန်ကျစရိတ် | | | | |
| ခရီးသွားလာစရိတ် | = | ၃,၅၀၀,၀၀၀ | | |
| အလှပြင်စရိတ် | = | ၁,၅၀၀,၀၀၀ | | |
| အဝတ်အထည်စရိတ် | = | ၁,၀၀၀,၀၀၀ | | |
| အထွေထွေစရိတ် | = | ၁၀၀,၀၀၀ | | |
| မန်နေဂျာလစာ | = | ၄,၈၀၀,၀၀၀ | | |
| စုစုပေါင်းလုပ်ငန်းအတွက်ကုန်ကျစရိတ် | | | = | |
| ၁၀,၉၀၀,၀၀၀ | | | | |
| အသားတင် ဝင်ငွေ | | | = | ၄၃,၆၀၀,၀၀၀ |
| အသားတင် ဝင်ငွေ | | | = | ၄၃,၆၀၀,၀၀၀ |
| (နုတ်)သက်သာခွင့်များ | | | | |
| (က) အခြေခံသက်သာခွင့် | = | ၈,၇၂၀,၀၀၀ | | |
| (စုစုပေါင်း ဝင်ငွေ၏ ၂၀%ဖြင့်) | | | | |
| (ခ) အိမ်ထောင်ဖက်အတွက် | = | ၁,၀၀၀,၀၀၀ | | |

| | | |
|---|---|---|
| (ဂ) အိမ်ထောင်သည်သားအတွက် | = | ခွင့်မပြု |
| (ဃ) ကျောင်းသူသမီးအတွက် | = | ၅၀၀,၀၀၀ |

| | | |
|---|---|---|
| | = | ၁၀,၂၂၀,၀၀၀ |
| အခွန်စည်းကြပ်ရန်ဝင်ငွေ | = | ၃၃,၃၈၀,၀၀၀ |
| ၁ ကျပ်မှ ၃၀,၀၀၀,၀၀၀ ထိ အဆင့်ဆင့် စုစုပေါင်း | = | ၄,၁၅၀,၀၀၀ |
| ၃၀,၀၀၀,၀၀၁ ကျပ်မှ ၃၃,၃၈၀,၀၀၀ ထိ ကျန် ၃,၃၈၀,၀၀၀ အတွက် ၂၅% | = | ၈၄၅,၀၀၀ |
| စုစုပေါင်း ကျသင့်အခွန် | = | ၄,၉၉၅,၀၀၀ |

❖ သေးစိတ်သိရှိလိုပါက ဆိုင်ရာမြို့နယ်အခွန်ဦးစီးဌာနမှူးရုံး(သို့မဟုတ်) အခွန်ဆိုင်ရာဝန်ဆောင်မှု ရုံး (နေပြည်တော်) ရုံးအမှတ်၊ ၄၆ ပြည်တွင်းအခွန်များဦးစီးဌာန၊ ဖုန်းနံပါတ်-၀၆၇-၄၃၀၅၃၃ ၊ ၀၆၇-၄၃၀၅၂၂၊ (သို့မဟုတ်) အခွန်ဆိုင်ရာဝန်ဆောင်မှုရုံး (ရန်ကုန်) အမှတ် ၅၉/၆၁ ၊ မြေညီထပ်၊ ပန်းဆိုးတန်းလမ်း၊ ကျောက်တံတားမြို့နယ်၊ ဖုန်းနံပါတ်- ၀၁-၃၇၈၃၇၀၊ ၀၁-၃၇၈၃၇၂၊ (သို့မဟုတ်) အခွန်ဆိုင်ရာ ဝန်ဆောင်မှုရုံး(မန္တလေး)၆၅ လမ်း၊ ၂၂ x ၂၃ လမ်းကြား၊ ဖုန်းနံပါတ် - ၀၂-၃၀၁၀၉၂ သို့ မေးမြန်း စုံစမ်းနိုင်ပါသည်။

**ပြည်တွင်းအခွန်များဦးစီးဌာန**